## First Myanmar Investment Public Co., Ltd. ၏
## (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဥက္ကဋ္ဌ ၏ အစီရင်ခံစာ

သို့

အစုရှယ်ယာရှင်များ

ကျွန်တော်တို့ရဲ့ ၃၂ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်လာကြတဲ့ SECM နဲ့ YSX မှ တာဝန်ရှိသူများ၊ ဒါရိုက်တာများ၊ Listed Company များ ၊ Securities Company များ နဲ့ အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီနေ့မှာဆိုရင် ပြီးခဲ့တဲ့နှစ်အတွင်း ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေတွေကို ပြန်လည်သုံးသပ်ရမဲ့ နေ့တစ်နေ့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာဆိုရင် ကူးစက်ရောဂါ၊ ငွေကြေးမတည်ငြိမ်မှုများနှင့် စီးပွားရေးမတည်ငြိမ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုများကို ဖြတ်သန်းခဲ့ရတယ်။

ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကလည်း ကျွန်တော်တို့ကို အနာဂတ်မှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ပိုမိုကြံ့ခိုင်လာစေပါတယ်။ အဓိကအားဖြင့် ခံနိုင်ရည်ရှိခြင်း၊ အခြေအနေပေါ်မူတည်ပြီး လိုက်လျော ညီထွေစွာ ပြောင်းလဲနိုင်ခြင်းနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံဖြစ်လာရေးအတွက် တစိုက်မတ်မတ် လုပ်ဆောင်လို့ဘဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ ဆိုရင် ကူးစက်ရောဂါနှင့် စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင်ကြောင့် အခက်အခဲတွေ ရှိခဲ့ပေမဲ့လည်း ကျွန်တော်တို့အနေနဲ့ လုပ်ငန်းတွေအပေါ် သက်ရောက်မှုနည်းအောင်နဲ့ လုပ်ငန်းစုတစ်ခုလုံးရဲ့ ဘဏ္ဍာရေးစွမ်းဆောင်ရည်ကို ပြန်လည်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲ့တော့ ကျွန်တော်အနေနဲ့ လုပ်ငန်းအသီးသီးက လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသွားပါမယ်။

ပထမဆုံး ရိုးမဘဏ်အကြောင်း ကျွန်တော်စပြောပါမယ်။ ရိုးမဘဏ်ဆိုရင် ၂၀၂၁ ခုနှစ်ကတည်းကစပြီး ငွေကြေးကျပ်တည်းမှုတွေ ဖြစ်ခဲ့တယ်။ ဘဏ်တွေအပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်မှုတွေ ကျဆင်းလာခဲ့တယ်။ အဲ့အတွက်ကြောင့် ငွေသားထုတ်ယူမှုတွေ ဖြစ်ခဲ့တယ်။ အဲ့အချိန်မှာ ဘဏ်အနေနဲ့ ကြိုးစားပြီးတော့ Flexi Account တွေကိုစခဲ့ပြီး Customer တွေရဲ့ ယုံကြည်မှုကို ပြန်ရအောင် ဆောင်ရွက်ခဲ့ပါတယ်။ အဲ့လို လုပ်ဆောင်ခဲ့ရာမှာ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

အထူးသဖြင့် Digital ခေတ်နှင့်အညီ ကိုယ်ပိုင် Customer Care Center ကို စတင်နိုင်ခဲ့တယ်။ အရင်က ကျွန်တော်တို့ရဲ့ Call Center ကို Third Party နဲ့ လုပ်ဆောင်ခဲ့တာကြောင့် ကာစတန်မာတွေ အနေနဲ့ ဝန်ဆောင်မှုတွေကို ရရှိဖို့ အခက်အခဲတွေ ရှိခဲ့ပါတယ်။ ဘဏ်သို့ ဖုန်းဆက်တဲ့အခါမှာ အချိန်ကြာမြင့်စွာ စောင့်ရတယ် ၊ လိုင်းမကောင်းတာတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကိုယ်ပိုင်ဝန်ထမ်းတွေနဲ့ Customer Care Center ကို စတင်ခဲ့တဲ့အတွက် Customer တစ်ဦးချင်းစီရဲ့ လိုအပ်ချက်တွေကို

ကျွန်တော်တို့တွေ ဖြည့်ဆည်းပေးနိုင်လာတယ်။ Customer တွေ ဖုန်းဆက်ရတာ ၊ အကူအညီ တောင်းခံရာတွေမှာ ပိုပြီး လွယ်ကူလာတယ်။ စောင့်ဆိုင်းချိန်ကြာလို့ ဖုန်းချသွားတဲ့ အရေအတွက်ကိုလည်း အများကြီး လျှော့ချနိုင်ခဲ့ပါတယ်။

၂၀၂၃ ဘဏ္ဍာနှစ်မှာဆိုရင် စုစုပေါင်း အပ်နှံငွေဟာ ကျပ် ၃,၅၀၀ ဘီလီယံအထိ ရှိခဲ့ပါတယ်။ ဘဏ္ဍာရေး နှစ်ဆန်းမှာ ၂,၈၀၀ ဘီလီယံ ရှိခဲ့ပြီး နှစ်ကုန်မှာ ၃,၅၀၀ ဘီလီယံ ဖြစ်သွားတဲ့အတွက်ကြောင့် အပ်နှံငွေ စုစုပေါင်းရဲ့ အသားတင်တိုးတက်မှုက ၆၉၅ ဘီလီယံ ရရှိခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်၊ မတ်လအထိတွင် ချေးငွေအစုစုကို ကျပ်ငွေ ၂,၁၅၀ ဘီလီယံ ရရှိခဲ့ပြီး ချေးငွေစုစုပေါင်းရဲ့ အသားတင်တိုးတက်မှုဟာ ကျပ်ငွေ ၄၆၃ ဘီလီယံ အထိ ရခဲ့ပါတယ်။

နောက်ပြီး Customer တွေရဲ့ စီးပွားရေး အခွင့်အလမ်းတွေကို တိုးချဲ့ပေးနိုင်စေဖို့ နဲ့ နယ်စပ်ကုန်သွယ်ရေးတွေကို မြှင့်တင်ပေးနိုင်ဖို့အတွက်လည်း တရုတ်ယွမ်ငွေ ၊ ထိုင်းဘတ်ငွေ တို့နှင့် တိုက်ရိုက်လဲလှယ် ရောင်းချခြင်းကို စတင်ခဲ့ပါတယ်။ နောက်ပြီး Prudential Myanmar နှင့် ပူးပေါင်းပြီးတော့ Bancassurance ဝန်ဆောင်မှုများကို တိုးချဲ့ လုပ်ဆောင်လာနိုင်တဲ့အတွက် Customer တွေရဲ့ ဘဏ္ဍာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့အပြင် ဘဏ်အပေါ်ကိုလည်း ယုံကြည်မှုပိုတိုးလာစေပါတယ်။

ရိုးမဘဏ်နဲ့ ပတ်သက်ပြီး နောက်ထပ် သတင်းကောင်းတစ်ခုက StarCity မှာရှိတဲ့ မြေနေရာ နှင့် ရုံးချုပ်အဆောက်အဦကို ဝယ်ယူခဲ့ပြီး ဖြစ်ပါတယ်။ နောက်ပြီး FMI ကုမ္ပဏီမှ ရိုးမဘဏ်မှာရှိတဲ့ ရှယ်ယာကလည်း ၆၆.၆၉% အထိ တိုးတက်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေနှင့် ပြောင်းလဲမှုတွေကို ကြည့်ပြီး ရိုးမဘဏ်သည် FMI ၏ အဓိက စီးပွားရေးအဖြစ် ဆက်လက် ရပ်တည်သွားမှာ ဖြစ်ပါတယ်။

ပန်းလှိုင်ဆေးရုံအကြောင်းကို ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့နှစ်အတွင်း ဆေးရုံမှာ တိုးတက်ပြောင်းလဲမှုတွေနှင့် တီထွင်ဆန်းသစ်မှုတွေကို လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ လှိုင်သာယာမှာရှိတဲ့ ပန်းလှိုင်ဆေးရုံကြီးမှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကရိယာများနှင့် အဆောက်အအုံပိုင်းဆိုင်ရာတို့မှာ တိုးတက်ပြောင်းလဲမှုတွေ များစွာရှိခဲ့ပါတယ်။ တောင်ကြီးမှာ ရှိတဲ့ ပန်းလှိုင်ဆေးရုံကိုလည်း ဝန်ဆောင်မှုတွေကို တိုးမြှင့်နိုင်ခဲ့ပါတယ်။ သဃ်န်းကျွန်းမြို့နယ်မှာလည်း ပန်းလှိုင် မိသားစုဆေးခန်းအသစ်ကို ထပ်မံ ဖွင့်လှစ်နိုင်ခဲ့တယ်။

လှိုင်သာယာ ပန်းလှိုင်ဆေးရုံမှာဆိုလည်း ယခုနှစ်အတွင်း နှလုံးခွဲစိတ်မှုပေါင်း ၂၇၀ ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါ့အပြင် ကျောက်ကပ် အစားထိုး ခွဲစိတ်မှုများကိုလဲ စတင်ခဲ့ပြီး ကျောက်ကပ်အစားထိုး ဆောင်ရွက်မှုပေါင်း ၁၃ ခုကို လုပ်ဆောင်နိုင်ခဲ့တယ်။ တောင်ကြီးနှင့် မြောက်ဒဂုံတို့မှာလည်း ကျောက်ကပ်ဆေးတဲ့ ဝန်ဆောင်မှုတွေအပြင် တောင်ကြီးဆေးရုံမှာလည်း အထူးကြပ်မတ်ကုသဆောင်နဲ့ အရေးပေါ်ဌာနကိုပါ စတင်နိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ပန်းလှိုင်ဆေးရုံက ယခုနှစ်မှာ ဆေးဘက်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်လာတာ ဖြစ်ပါတယ်။

နောက်ပြီး လှိုင်သာယာဆေးရုံမှာလည်း အသားမျှင်တစ်ရှူးဗေဒဆိုင်ရာ ဓာတ်ခွဲခန်း (Histopathology Laboratory) ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီဓာတ်ခွဲခန်းဟာဆိုရင် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍမှာ frozen section service ကို ပထမဆုံး စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ Yoma Land အကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ Yoma Land ဟာဆိုရင် ပြောင်းလဲလာတဲ့ ဈေးကွက်အနေအထား၊ အိမ်ခြံမြေ ဝယ်ယူသူများနှင့် ရင်းနှီးမြှုပ်နှံသူတွေရဲ့ အကြိုက်တွေကို အမြဲလေ့လာပြီးတော့ သူတို့ရဲ့ လိုအပ်ချက်တွေနှင့် ကိုက်ညီမှုရှိတဲ့ စီမံကိန်းတွေကို ဖော်ဆောင်ပေးနေတာ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ City Loft ရဲ့ ၉ ခုမြောက် တာဝါကိုစတင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ မတ်လမှာဆိုရင်လည်း ခုမြောက်တာဝါကို စတင်နိုင်ခဲ့ပါတယ်။ လတ်တလော အခြေအနေမှာဆိုရင်လည်း နောက်ဆုံးမြောက် တာဝါကို ပြီးခဲ့တဲ့လမှာ အရောင်းစတင်ခဲ့တာ ၂ ရက်အတွင်း အခန်းအကုန်လုံး ရောင်းထွက်ခဲ့ပါတယ်။ ဒါကိုကြည့်ပြီးတော့ ကျွန်တော်တို့ရဲ့ အိမ်ရာစီမံကိန်းတွေအပေါ်ထားရှိတဲ့ ယုံကြည်မှုကို သိနိုင်ပါတယ်။ ဈေးကွက်အတွင်း လုံးခြင်းအိမ်အပေါ် စိတ်ဝင်စားမှုတွေ မြင့်တက်လာတာကြောင့်လည်း လုံးချင်းအိမ်ပေါင်း ၂၀၇ ပါဝင်တဲ့ City Villa စီမံကိန်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှာ မိတ်ဆက်ခဲ့ပါတယ်။ ဒီနေ့အချိန်ထိကို City Villa လုံးချင်းအိမ်ပေါင်း ၁၉၉ ခု ရောင်းထွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ Yoma Land က ရန်ကုန်မြို့ရဲ့ ခေတ်မှီမြို့ပြနေထိုင်မှုအတွက် ဝယ်လိုအား မြင့်တက်နေ တာကို ဖြည့်ဆည်းပေးနိုင်ဖို့ လှိုင်သာယာမြို့နယ်မှာ City Loft West စီမံကိန်းအသစ်ကိုလည်း စတင်ခဲ့ပါတယ်။ မြေ ၁၀ ဧက ကျော် ကျယ်ဝန်းတဲ့ ဒီစီမံကိန်းမှာ တာဝါပေါင်း ၇လုံးနဲ့ အခန်းပေါင်း ၁,၈၀၀ ကျော် ပါဝင်ပါတယ်။

ဒီနှစ် မေလမှာဆိုလည်း စီမံကိန်းအသစ် City Loft West Phase 1 ရဲ့ အခန်းပေါင်း ၂၄၇ ခန်း ပါရှိတဲ့ ပထမဆုံးတာဝါကို အရောင်းစတင်ခဲ့တာ အခုဆိုရင် အခန်းပေါင်း ၂၀၁ ခန်း ရောင်းထွက်ခဲ့ပြီး ဖြစ်ပါတယ်။ City Loft နှင့် Star Villas ရှိ အခန်းများကို ပိုင်ရှင်များနှင့် နေထိုင်သူတွေဆီ လွှဲပြောင်းပေးနေတာ အခုဆိုရင် StarCity မှာ နေထိုင်သူဦးရေ ၆,၀၀၀ နီးပါး ရှိနေပြီ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ ခရီးသွားဝန်ဆောင်မှုကဏ္ဍဖြစ်တဲ့ Memories Group အကြောင်း တင်ပြချင်ပါတယ်။ Memories Group ဟာ ယခုနှစ်အတွင်း Singapore Exchange Securities Trading Limited ရဲ့ Catalist စာရင်းမှ ဆန္ဒအရ နုတ်ထွက်ခဲ့ပါတယ်။ FMI အနေနဲ့လည်း Exit Offer လုပ်ဆောင်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် FMI က Memories Group ရဲ့ရှယ်ယာ ၁၆.၆၆% ကို ပိုင်ဆိုင်ပါတယ်။ Memories Group အနေနဲ့ လက်ရှိ ခရီးသွားအနေအထားကို ပြန်လည်လေ့လာပြီး စီးပွားရေးဆိုင်ရာ မဟာဗျူဟာများကို ပြန်လည်သုံးသပ်ခဲ့ပါတယ်။ သုံးသပ်ချက်အရ Memories Group ဟာ ပေါင်းစပ်ခရီးသွားလုပ်ငန်းကုမ္ပဏီမှ Life Style and Hospitality ကို အဓိကထားတဲ့ အသွင်ကို ပြောင်းလဲခဲ့ပါတယ်။ လူနေထိုင်မှုစနစ်ကို အာရုံစိုက် လုပ်ဆောင်နိုင်ဖို့အတွက် Recreational Market ကို အလေးထားတဲ့ သီးသန့်ကဏ္ဍတစ်ခုကို စတင်ခဲ့တာ ဖြစ်ပါတယ်။ Memories Group က အစားအသောက်၊ အပန်းဖြေ ၊ ခရီးသွားခြင်းနှင့် ပျော်ရွှင်မှုကို ရှာဖွေနေတဲ့ Customer တွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ဝန်ဆောင်မှုတွေနဲ့ လုပ်ငန်းတွေကို တိုးတက်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

၂၀၂၃ ဘဏ္ဍာရေးနှစ်မှာဆိုရင် စုစုပေါင်းဝင်ငွေကျပ် ၃၃၉.၆ ဘီလီယံ ရရှိခဲ့တာကြောင့် အရင်နှစ် ၂၈၃.၁ ဘီလီယံ နဲ့ နှိုင်းယှဉ်ရင် ၂၀.၀% တိုးတက်လာခဲ့ပါတယ်။ စုစုပေါင်း အသားတင်ငွေအမြတ်ငွေမှာ ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၃၆.၅ မီလီယံ ရရှိခဲ့တာကနေ ယခုနှစ်မှာဆိုရင် ကျပ် ၄,၁၀၀ မီလီယံအထိ ရရှိခဲ့တာကြောင့် ၁၆၄၇.၅ % တိုးတက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုတိုးတက်မှုကို ကြည့်ပြီး စီးပွားရေးလုပ်ငန်းများ ရေရှည်မှာ ဖွံ့ဖြိုးဖို့အတွက်

ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လုပ်သွားဖို့ ရှိနေတာကြောင့် ဒီနှစ်အတွက် အမြတ်ငွေဝေစုကို မထုတ်ပေးဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မှာ သင့်လျော်တဲ့ အချိန်ကာလတစ်ခုမှာ အမြတ်ငွေထုတ်ပေးနိုင်ဖို့ကို ကျွန်တော်တို့ ကြိုးစားသွားပါမယ်။

စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရပေမဲ့လည်း ကုမ္ပဏီတစ်ခုလုံး ပိုပြီး ကြံ့ခိုင်လာအောင်နဲ့ ရေရှည်မှာ တည်တံ့ခိုင်မြဲတဲ့ တိုးတက်မှုတွေ ရရှိအောင် ကြိုးစားလုပ်ဆောင်နေတာကြောင့် ကျွန်ုပ်တို့ အနေနဲ့ အခုလို အောင်မြင်မှု ပန်းတိုင်တွေကို ရရှိနိုင်တာလို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံနဲ့ ကုမ္ပဏီရဲ့ ပါဝင်ပတ်သက်သူများအားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပေးနိုင်ဖို့ ကျွန်တော်တို့တွေ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ရဲ့ ရှယ်ယာရှင်များ၊ ပါဝင်ပတ်သက်သူများနဲ့ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ သူတို့ရဲ့ ဦးဆောင်လမ်းညွှန်မှု၊ ကူညီပံ့ပိုးပေးမှုနှင့် ကျွန်တော်တို့အပေါ် ထားရှိတဲ့ ယုံကြည်မှုတွေကဘဲ ကုမ္ပဏီအုပ်စုကို အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်အောင် ပို့ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မှာလည်း အောင်မြင်မှုတွေ ဆက်လက်ရရှိနေအုံးမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဒီနေ့ နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်ကြတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ လာမဲ့ လတွေ၊ နှစ်တွေမှာ အကောင်းဆုံးသော အရာတွေနဲ့ ကြုံတွေ့ရပါစေလို့ ကျွန်တော်ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

# First Myanmar Investment Public Co., Ltd's
# $32^{nd}$ Annual General Meeting Chairman Business Update

Dear Shareholders,

Welcome to our 32nd Annual General Meeting. I want to thank SECM, representatives from YSX, directors, listed companies, securities companies, shareholders and our employees Who are joining FMI 23rd Annual General Meeting. Today is the day we gather to reflect upon the journey we have undertaken in the face of challenging circumstances. Our nation has witnessed economic upheavals and navigated through significant changes resulting from the pandemic, macroeconomic and financial uncertainties.

The difficulties we have encountered have only strengthened our determination to persist in pursuing our mission. Amidst these trials, our narrative is one of resilience, adaptation, and an unwavering commitment to "Build A Better Myanmar For Its People".

In the last financial year, despite the difficulties caused by the epidemic and the business environment, we managed to minimize the impact on our businesses and recover the financial performance of the company.

To present a more comprehensive summary, I would like to provide an overview of the performance of respective businesses.

Let's begin with Yoma Bank. Yoma Bank has been facing financial difficulties since 2021, leading to a decrease in people's confidence in the bank. Consequently, there was a significant increase in cash withdrawals during that period. In response, the bank introduced Flexi Accounts as an effort to rebuild customer trust, and this initiative has been successful. Yoma Bank has also successfully established its own Customer Care Center, aligning with the demands of the digital age. In the past, the call center was operated by a third party, leading to challenges for customers such as difficulties in reaching the bank, extended waiting times, and poor call quality. However, with the inception of our in-house Customer Care Center, staffed by our own professionals, we have significantly enhanced our ability to cater to individual customer needs. The process of seeking assistance through customer calls has been streamlined, making it more accessible. Consequently, the occurrence of callers hanging up due to prolonged wait times has been drastically reduced.

As for the total deposits for FY 2023, they amounted to MMK 3,500 billion. From 2,800 billion at the beginning of the financial year to 3,500 billion at the end of the year, the total deposits witnessed a net increase of 695 billion. In March 2023, our lending portfolio reached MMK 2,150 billion, with a total net growth in loans of MMK 463 billion.

Yoma Bank's commitment to economic growth is evident in our introduction of direct settlement of Chinese Yuan and Thai Baht, enabling border trade and expanding business opportunities for our customers. Additionally, our successful expansion of bancassurance services with Prudential Myanmar allows us to cater to diverse financial needs and build trust-based relationships.

I'm delighted to announce that Yoma Bank has successfully acquired its headquarters buildings and land in StarCity. Also, I am pleased to share that FMI's share in Yoma Bank has increased to 66.69%. These strategic acquisitions demonstrate that Yoma Bank will remain the primary business pillar of FMI.

Moving on to Pun Hlaing Hospitals, we have witnessed remarkable growth and innovation in the past year. Our flagship hospital in Hlaing Tharyar underwent infrastructure upgrades through. Our Taunggyi Hospital facility also

underwent modernization efforts. We recently expanded our reach with the establishment of Pun Hlaing Family clinics in Thingangyun, which sets the stage for the development of smart health communities in the coming years.

We had the successful completion of 270 open-heart surgeries at our Hlaing Tharyar hospital. Additionally, we also launched a renal transplant program to expand our range of treatments. To enhance accessibility, we also established hemodialysis services in Taunggyi, Mandalay, North Dagon, Hlaing Tharyar, Taw Win Clinic and performed 13 kidney transplants. We also established an Intensive Care Unit and Emergency Department in Taunggyi, reinforcing our commitment to comprehensive care. In general, we're witnessing a notable shift towards more advanced and specialized medical procedures.

I am also thrilled to announce a significant milestone achieved by Pun Hlaing Hospitals, the launch of the Histopathology laboratory at Hlaing Tharyar. This marks the inauguration of Myanmar's first real-time frozen section service in private healthcare sector, a milestone advancement in our healthcare services.

Let's now turn our attention to Yoma Land, our Real Estate division. Throughout the year, Yoma Land has remained resilient and adaptive, continuously evaluating market trends and consumer preferences to meet the evolving needs of homebuyers and investors. Our Star City development experienced significant growth and demand, leading to the successful launch of new towers and projects.

Speaking of recent achievements, StarCity launched the 9th Tower of City Loft in December 2022, followed by the 10th Tower in March 2023, with each tower consisting of 140 units. Last month, we launched the final tower of City Loft, and to our delight, all the units were sold out within just two days, demonstrating the public's unwavering trust in our products. Responding to the growing interest in landed homes, Star City introduced the City Villa project in August 2022, featuring 207 villas. Today, I'm pleased to share that 199 units of City Villa have already been sold, underscoring the immense popularity of this housing project.

That’s not all. We also introduced the City Loft West project in Hlaing Tharyar Township, catering to the demand for modern urban living in Yangon and this development covers an expansive area of over 10 acres and consists of seven towers, accommodating a total of over 1,800 units.

The first tower of City Loft West Phase 1 was launched in May 2023, offering 247 units with diverse room types to cater to different preferences. As of July 2023, 201 units have already been sold out. With the successful completion and handover of City Loft and Star Villas, StarCity has become home to almost 6,000 residents.

Lastly, let's discuss our Hospitality business, Memories Group. During the year, Memories Group successfully delisted from the Catalist Board of SGX-ST, and FMI sponsored an Exit Offer. As of today, FMI owns a 16.66% stake in Memories Group. The company conducted a thorough review of the current tourism situation and revisited its business strategies. Based on the review, Memories Group has undergone a transformative journey, transitioning from an integrated tourism company to a vibrant hospitality and lifestyle brand. We have established a dedicated sector catering specifically to the recreational consumer market, with a special emphasis on lifestyle and events. Regardless of external circumstances, Memories remains committed to growth, fulfilling the essential needs of individuals seeking sustenance, leisure, travel, and entertainment.

I believe our Group's unwavering commitment to emerging stronger and positioning ourselves for the future has driven us to achieve significant milestones despite the challenges we have encountered. We remain steadfast in our dedication to our shareholders, customers, and the nation, as we work together to shape a brighter future for Myanmar.

I'm pleased to share that the Group's revenue exhibited a robust growth of 20%, reaching MMK 339.6 billion compared to MMK 283.1 billion in last year. Net profit for the period had a remarkable increase of 1647.5%, reaching MMK 4,100 million compared to MMK 236.5 million last year. These financial results showcase our

commitment to maintaining a strong financial position and seizing opportunities for sustainable growth. Looking at this growth, we have decided not to issue dividends for this year. As our focus remains on sustaining long-term business development through ongoing investments. We intend to distribute dividends at an opportune moment in the future.

I believe our Group's unwavering commitment to emerging stronger and positioning ourselves for the future has driven us to achieve significant milestones despite the challenges we have encountered. Together, we will emerge stronger and thrive in the years to come, creating a brighter future for Myanmar and all stakeholders. We remain steadfast in our dedication to our shareholders, customers, and the nation, as we work together to shape a brighter future for Myanmar.

In conclusion, I would like to express my gratitude to our shareholders, stakeholders, and our dedicated employees. Your unwavering support, guidance and trust have been instrumental in steering our Group towards continued success. As we look ahead, I am confident in our exceptional team and our ability to position ourselves for the future.  Thank you for attending the annual meeting today. I wish you all the best in the years to come.